Burma Briefing

# Human Rights are called universal for a reason

Burma Campaign UK

No. 40
June 2015

**Commentary from Burma Campaign UK**
**By Mark Farmaner**

For many years in Burma, a person carrying a copy of the Universal Declaration of Human Rights risked arrest and even jail. Underground human rights networks distributed copies and organised discussions on the articles it contained.

Drafted in the aftermath of World War II by a world horrified by the genocidal policies of Germany's Nazi regime, the declaration sought to lay out the standard rights that every human being should enjoy.

The Nazis saw themselves, their race and their ideology, as superior to other races. In their minds this justified exterminating people whom they regarded as inferior or a threat. Their most vicious campaign of extermination was targeted at Jewish people, but their victims also included Gypsies, homosexuals and the mentally ill.

Jews were first dehumanised by the Nazis. They were described as foreigners even though most of them had lived in Germany and neighbouring countries for generations. They were accused of amassing wealth and being dishonest. The lie was fomented that they were conspiring to take over the country and even the whole world. As hate-speech and lies against Jews were propagated, with encouragement from the government, tensions rose and there were attacks on Jewish homes and shops.

The repression of the Jewish people increased, through official and unofficial discrimination. Jewish people were confined to terrible ghettoes; millions perished in concentration camps. The Nazis killed six million Jews. Writing in 1944 of the horror the Nazis inflicted on Europe, the Polish Jew Raphael Lemkin coined the term 'genocide'. It was defined as 'the destruction of a nation or an ethnic group'.

In Asia during World War II, imperial Japan also saw itself as superior to other races. In Burma and the other countries they occupied, the Japanese presented themselves as liberators but looked down on the people as inferior.

After World War II the world vowed never again and the system of global human rights as we know it was born.

The terrible ideology of one race or religion regarding itself as more superior to others was obviously a key concern when the Universal Declaration of Human Rights was drafted.

Article one states: All human beings are born free and equal in dignity and rights. They are endowed with reason and conscience and should act towards one another in a spirit of brotherhood.

Article two states: Everyone is entitled to all the rights and freedoms set forth in this Declaration, without distinction of any kind, such as race, colour, sex, language, religion, political or other opinion, national or social origin, property, birth or other status.

The first two articles declare that we are all born equal and are entitled to all rights and freedoms regardless of race, colour, sex, language, religion, political or other opinion. These are some of the most fundamental principles in human rights.

Significantly, the Declaration sought not just to place these obligations on states and their governments, but on individuals and organisations as well, stating:

‘Now, therefore the General Assembly proclaims this Universal Declaration of Human Rights as a common standard of achievement for all peoples and all nations, to the end that every individual and every organ of society, keeping this Declaration constantly in mind, shall strive by teaching and education to promote respect for these rights and freedoms…’

Are these principles being applied by all human rights and democracy activists in Burma today? Sadly, the answer is no.

Frightening echoes of what happened to the Jewish people under the Nazis can be found in Burma in the treatment of Muslims in general and Rohingya in particular. Some experts are warning that there is a danger of genocide in Burma. Many in Burma are concerned about the situation. But a surprisingly large number are either unconcerned, in denial or too afraid to speak out.

Genocide is the worst possible crime under international law. It would be reasonable to expect that even if there was the slightest possibility of genocide in Burma, more political and human rights leaders would be speaking out, or at least expressing concern.

Have decades of propaganda and discrimination so effectively dehumanised the Rohingya that universal human rights are not regarded as applying to them. If he was still alive, General Ne Win, architect of the discriminatory 1982 Citizenship Law, would be very pleased to see how successful his policies and propaganda have been.

There is another possible parallel between the Nazis treatment of Jewish people and the Burma government’s treatment of Rohingya. The Nazis made Jews the scapegoat for many problems in Germany, such as poverty, corruption, and a mismanaged economy. Underlying prejudice enabled the Nazis to convince the people that it was the Jews who were to blame for these problems, not the Nazi government.

In Burma people also suffer from poverty, corruption and economic mismanagement. Is the Burma government fuelling hatred of an unwanted minority as a deliberate policy to distract the people from such problems as unemployment, poverty, electricity shortages, and the poor quality of education and health care? It is a trick many governments have tried to use since World War Two. If people in Burma honour the principles of the Universal Declaration of Human Rights, it is a trick they will not fall for.

*Mark Farmaner is Director of Burma Campaign UK*

*This article originally appeared in Mizzima in June 2014. www.mizzima.com*

*For regular commentary of developments in Burma, follow us on Twitter:*
*@burmacampaignuk*
*@MarkFarmaner*

**More briefings are available here:**
**www.burmacampaign.org.uk/burma-briefing**

**Did you find this useful?**
**If so, please make a donation to support our work: www.burmacampaign.org.uk/donate**

**Thank you**

**Published by Burma Campaign UK, 28 Charles Square, London N1 6HT**
**www.burmacampaign.org.uk info@burmacampaign.org.uk tel: 020 7324 4710**

Burma campaign UK

**for Human Rights, Democracy & Development in Burma**

# မြန်မာပြည်ဆိုင်ရာ သတင်းထုတ်ပြန်ချက်

## လူ့အခွင့်အရေးသည် လူသားတိုင်းအတွက် ဖြစ်ရသည့်အကြောင်းရင်း

Burma campaign UK

ဇွန်လ၊ ၂၀၁၅။

လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက မြန်မာနိုင်ငံတွင် နိုင်ငံတကာလူ့အခွင့်အရေးကြေငြာစာတမ်းမိတ္တူကို ကိုင်ဆောင်လျှင်ပင် ဖမ်းဆီးခံရခြင်းအန္တရာယ်နှင့် ကြုံတွေ့ရသည့်အပြင် အကျဉ်းပင်ချခံရသည့် အနေအထားတွင်ရှိသည်။ မြေအောက်လူ့အခွင့်အရေးကွန်ယက်များက အဆိုပါ ကြေညာချက်မိတ္တူများဖြန့်ဖြူးခြင်းနှင့် ကြေညာချက်ပါ အချက်အလက်များကို ဆွေးနွေးရန်စီစဉ်မှုများ ပြုလုပ်ခဲ့ကြသည်။

ဂျာမဏီနာဇီအာဏာရှင်၏ လူမျိုးတုန်းသတ်ဖြတ်မှု ပေါ်လစီများကို တုန်လှုပ်ချောက်ခြားခဲ့ရသည့် ကမ္ဘာကြီးက ဒုတိယကမ္ဘာစစ်အပြီးတွင် လူသားတိုင်းခံစားသင့်သည့် စံအခွင့်အရေးများကို စီစဉ်ဖော်ပြ၍ အဆိုပါကြေညာချက်ကို မူကြမ်းရေးဆွဲခဲ့သည်။

နာဇီများသည် ၎င်းတို့၏မျိုးရိုး၊ ၎င်းတို့၏ အတွေးအခေါ် အယူအဆများမှာ အခြားသောလူမျိုးများထက် သာလွန်ကြသည်ဟု မှတ်ယူကြသည်။ ထိုအယူအဆက ၎င်းတို့ထက်နိမ့်ပါးသော (သို့မဟုတ်) ၎င်းတို့အားခြိမ်းခြောက်မှု တစ်ခုအဖြစ် ယူဆသောသူများအား မျိုးဖြုတ်သတ်ဖြတ်ခြင်းမှာ မှန်ကန်သည်ဟု ၎င်းတို့၏စိတ်ထဲတွင် ဖြစ်စေခဲ့သည်။ ၎င်းတို့သည် ဂျူးလူမျိုးများကို ရက်ရက်စက်စက် မျိုးဖြုတ်သတ်ဖြတ်ရန် ပစ်မှတ်ထား၍ လုံ့ဆော်ခဲ့ကြသည်။ သို့သော်လည်း ခြေသလုံးအိမ်တိုင် (ဂျစ်ပစီ) များ၊ လိင်တူချစ်သူများနှင့် စိတ်ပိုင်းဆိုင်ရာချို့တဲ့သူများလည်း နာဇီတို့၏ သားကောင်များ ဖြစ်ခဲ့ရလေသည်။

လူ့ဂုဏ်သိက္ခာကင်းမဲ့အောင် နာဇီတို့၏ကျူးလွန်မှုကို ပထမဆုံးခံရသူများမှာ ဂျူးများဖြစ်သည်။ ဂျူးများသည် ဂျာမဏီနှင့် ပတ်ဝန်းကျင်နိုင်ငံများတွင် မျိုးဆက်ပေါင်းများစွာ နေထိုင်လာခဲ့သော်ငြားလည်း နိုင်ငံခြားသားများအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။ ၎င်းတို့သည် ပစ္စည်းဥစ္စာများ မဟားတရားစုဆောင်းသူများ၊ ရှိသားမှုမရှိသူများ အဖြစ်စွပ်စွဲခြင်း ခံခဲ့ရသည်။ ဂျူးများသည် ဂျာမဏီသာမက တစ်ကမ္ဘာလုံးကိုပါ သိမ်းပိုက်ရန် ကြံစည်နေသည်ဟု နာဇီများက လိမ်ညာ၍ ဝါဒဖြန့်ခဲ့သည်။ အစိုးရ၏ အားပေးမှုဖြင့် ဂျူးများနှင့်ပတ်သက်သည့် လိမ်ညာ၍ဝါဒဖြန့်မှုများ၊ အမုန်းတရားများ ပြန့်ပွားပြီးနောက် တင်းမာမှုများ ဖြစ်ပွားပြီး ဂျူးများ၏အိမ်များ၊ ဈေးဆိုင်များ တိုက်ခိုက်ခြင်းခံကြရတော့သည်။

ဂျူးများအပေါ် တရားဝင်နှင့်မတရားမဝင် ခွဲခြားဆက်ဆံ၊ ဖိနှိပ်ချုပ်ချယ်မှုများ တိုးပွားလာပြီးနောက်ပိုင်းတွင် ဂျူးလူမျိုးများမှာ ကြောက်မက်ဖွယ်ကောင်းသည့် ဂက်တိုအကျဉ်းစခန်းများတွင် ပိတ်လှောင်ထားခဲ့ခံကြရပြီး၊ အဆိုပါအကျဉ်းစခန်းများတွင် ဂျူးလူမျိုးသန်းချီ၍ သေကြေခဲ့ရသည်။ နာဇီများက ဂျူးလူမျိုးခြောက်သန်းကျော်ကို သတ်ဖြတ်ခဲ့သည်။ ဥရောပတွင် နာဇီများ၏ တုန်လှုပ်ချောက်ခြားဖွယ်ကျူးလွန်မှုများအကြောင်းကို ပိုလန်နိုင်ငံသားဂျူးလူမျိုး Raphael Lemkin က ၁၉၄၄ ခုနှစ်တွင်ရေးသားရာ၌ Genocide "လူမျိုးတုန်းသတ်ဖြတ်မှု" ဆိုသော ဝေါဟာရပေါ်ပေါက်လာခဲ့သည်။ အဆိုပါ ဝေါဟာရအား "နိုင်ငံတစ်နိုင်ငံ သို့မဟုတ် လူမျိုးစုတစ်စုအား ဖျက်ဆီးခြင်း" ဟု အဓိပ္ပာယ်သတ်မှတ်ခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း အာရှတွင်လည်း ဂျပန်အင်ပါယာက ၎င်းတို့သည် အခြားလူမျိုးများထက် သာလွန်မြင့်မြတ်သည်ဟု ရှုမြင်ခဲ့ကြသည်။ မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများကို သိမ်းပိုက်ခဲ့ပြီး၊ ၎င်းတို့သည် သဘောထားကြီးသူများအဖြစ် မော်ကြွားခဲ့ကြသော်လည်း ထိုနိုင်ငံများမှပြည်သူများကို နိမ့်ကျသူများအဖြစ် သတ်မှတ်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီးနောက်တွင် ကမ္ဘာ့နိုင်ငံများက ထိုကဲ့သို့အဖြစ်အပျက်များ ထပ်မံမဖြစ်ပွားရန် သံန္နိဋ္ဌာန်ချမှတ်ခဲ့ကြပြီး ယနေ့ကျွန်ုပ်တို့သိနေသည့် ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေးစနစ်ကြီး မွေးဖွားလာခဲ့လေသည်။

မိမိတို့၏ လူမျိုးနှင့်ဘာသာတရားသာလျှင် အခြားသောလူမျိုး၊ ဘာသာတရားထက် သာလွန်မြင့်မြတ်သည်ဟူသော ကြောက်မက်ဖွယ်အယူအဆက ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေးကြေငြာစာတမ်းကို ရေးဆွဲရခြင်း၏ အဓိကအကြောင်းရင်း တစ်ရပ်အဖြစ်ထင်ရှားခဲ့သည်။

ယင်းကြေငြာစာတမ်း၏ အပိုဒ် ၁ တွင် လူသားတိုင်းမှာလွတ်လပ်စွာမွေးဖွားပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးတို့တွင် တန်းတူညီကြသည်။ လူသားတိုင်းမှာ ကောင်းကျိုးဆိုးပစ် ခွဲခြားသိမြင်နိုင်သောစိတ်ဓါတ်ဖြင့် တစ်ဦးနှင့်တစ်ဦး ညီအစ်ကို မောင်နှမစိတ်ဓါတ်ဖြင့် ပြုမူဆက်ဆံရမည်ဟုဖော်ပြထားသည်။

အပိုဒ် ၂ တွင် လူသားတိုင်းသည် ဤကြေငြာချက်၏ အပိုဒ် ၄ တွင် ဖော်ပြထားသောအခွင့်အရေးများနှင့် လွတ်လပ်မှု အားလုံးကို လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်သည့် ဘာသာ၊ နိုင်ငံရေး သို့မဟုတ် အခြားသော ခံယူချက်၊ နိုင်ငံသား သို့မဟုတ် မူရင်းဇစ်မြစ်၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ မွေးဖွားမှုနှင့် အခြားသောအဆင့်အတန်းတို့ကို ကွဲပြားခြားနားမှု မရှိစေဘဲခံစားရန် အခွင့်ရှိသည်ဟုဖော်ပြထားသည်။

အဆိုပါကြေငြာချက်၏ ပထမအပိုဒ်နှစ်ပိုဒ်တွင် ကျွန်ုပ်တို့အားလုံးသည် တန်းတူညီမျှ မွေးဖွားလာသူများဖြစ်ပြီး၊ လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်သည့် ဘာသာ၊ နိုင်ငံရေးနှင့် အခြားသော ခံယူချက်များကိုထည့်တွက်ခြင်း မရှိဘဲ လူ့အခွင့်အရေးနှင့်လွတ်လပ်မှုအားလုံးကို ခံစားရန်အခွင့်ရှိသည်ဟု ဖော်ပြထားသည်။ ၎င်းတို့မှာ လူ့အခွင့်အရေးများမှ အခြေခံကျသည့် ဥပဒေသအချို့ဖြစ်သည်။

အဆိုပါကြေငြာချက်တွင် အရေးပါသည့်အချက်တစ်ချက်မှာ ကြေငြာချက်တွင်ပါဝင်သည့် စည်းမျဉ်းများကို နိုင်ငံများနှင့် အစိုးရများကသာ လိုက်နာရမည်မဟုတ်ဘဲ လူသားတိုင်းနှင့်အဖွဲ့အစည်းများအားလုံးက လိုက်နာရမည်ဟု ဖော်ပြထားသည်။

“လူသားအားလုံးနှင့် နိုင်ငံအားလုံးအတွက် ဘုံအောင်မြင်မှုစံနမူနာအဖြစ် ကမ္ဘာလုံးဆိုင်ရာ၍လူ့အခွင့်အရေး ကြေငြာစာတမ်းကို အထွေထွေညီလာခံက ယခုပင်ကြေငြာလိုက်ပြီ ဖြစ်သောကြောင့် လူတိုင်းလူတိုင်း၊ လူ့အဖွဲ့အစည်းရှိ အစိတ်ပိုင်းတိုင်း၊ ဤကြေငြာစာတမ်းကို စိတ်ထဲတွင်မှတ်ယူပြီးသကာလ၊ ကြေငြာစာတမ်းပါ အခွင့်အရေးများ၊ လွတ်လပ်မှုများကို လေးစားလိုက်နာရန်အတွက် သင်ကြားရေးနှင့်ပညာရေးတို့ဖြင့် မြှင့်တင်ရန်ကြိုးပမ်းဆောင်ရွက် သွားရမည်”။

အဆိုပါစည်းမျဉ်းစည်းကမ်းများကို မြန်မာနိုင်ငံရှိလူ့အခွင့်အရေးလှုပ်ရှားသူများနှင့် ဒီမိုကရေစီအရေးလှုပ်ရှားသူများက ယနေ့လိုက်နာကျင့်သုံးနေကြပြီလားဟုမေးလျှင် “လိုက်နာကျင့်သုံးခြင်း မရှိ” ဟုသာ ဝမ်းနည်းစွာဖြေကြားရမည်ဖြစ်သည်။

နာဇီများလက်အောက်တွင် ဂျူးလူမျိုးများကြုံတွေ့ခဲ့ရသည့် ထိတ်လန့်ဖွယ်ရာအဖြစ်ဆိုးများသည် ယနေ့မြန်မာနိုင်ငံတွင် ယေဘုယျအားဖြင့် မွတ်စလင်များ၊ အထူးသဖြင့် ရိုဟင်ဂျာများအားဆက်ဆံမှုတွင် ပဲ့တင်ထပ်လာသည်ကို တွေ့မြင်ရသည်။ အချို့သောကျွမ်းကျင်သူများက မြန်မာနိုင်ငံတွင်လူမျိုးတုန်းသတ်ဖြတ်မှု အန္တရာယ်ရှိနေသည်ဟု သတိပေးနေကြသည်။ မြန်မာနိုင်ငံရှိအများစုကလည်း ထိုအခြေအနေနှင့်ပတ်သက်၍ စိုးရိမ်ပူပန်နေကြသည်။ သို့သော်လည်း အံ့သြစရာ ကောင်းသည်က ထိုအခြေအနေအား အများစုကလက်မခံဟု ဖွင့်ဟပြောဆိုခြင်းမရှိ (သို့မဟုတ်) ဖွင့်ပြောရန် ကြောက်ရွံ့နေကြလေသည်။

လူမျိုးတုန်းသတ်ဖြတ်မှုသည် နိုင်ငံတကာဥပဒေအောက်တွင် အဆိုးဝါးဆုံးရာဇဝတ်မှုဖြစ်သည်။ မြန်မာနိုင်ငံတွင် လူမျိုးတုန်း သတ်ဖြတ်မှု ဖြစ်နိုင်ခြေအနည်းဆုံး ရှိနေလျှင်တောင်မှ နိုင်ငံရေးနှင့်လူ့အခွင့်အရေး ခေါင်းဆောင်များက ထုတ်ဖော် ပြောဆိုခြင်း၊ သို့မဟုတ် အနည်းဆုံး စိုးရိမ်ပူပန်မှု ရှိနေသည်ဟုပြောဆိုခြင်းမှာ လက်တွေ့ကျ၍ ထိုက်သင့်သောအပြုအမူ ဖြစ်လေသည်။

ဆယ်စုနှစ်များစွာကြာဝါဒဖြန့်မှုနှင့် ခွဲခြားဆက်ဆံမှုများက ရိုဟင်ဂျာများအား လူ့ဂုဏ်သိက္ခာကင်းမဲ့စေခဲ့သည့်အပြင် ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေးများက ၎င်းတို့အပေါ် သက်ရောက်နေသည်ဟု သတ်မှတ်ခြင်းမခံရပေ။ အကယ်၍သာ ခွဲခြားမှုများရှိနေသည့် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို ရေးဆွဲခဲ့သူ ဗိုလ်ချုပ်ကြီးနေဝင်း သက်ရှိထင်ရှားရှိနေပါက ၎င်း၏ မူဝါဒနှင့်ဝါဒဖြန့်မှုများ အောင်မြင်နေသည်ကိုတွေ့မြင်ပြီး ကြည်နူးပီတိဖြစ်နေပေလိမ့်မည်။

ဂျူးလူမျိုးတို့အပေါ် နာဇီများ၏ဆက်ဆံမှုနှင့် ရိုဟင်ဂျာများအပေါ် မြန်မာအစိုးရ၏ဆက်ဆံမှုတို့တွင် အခြားဖြစ်နိုင်ဖွယ်ရာ တူညီမှုတစ်ခုရှိနေသည်။ ဆင်းရဲမွဲတေမှု၊ အကျင့်ပျက်ချစားမှု၊ စီးပွားရေး စီမံခန့်ခွဲခြင်းညံ့ဖျင်းမှုစသည့် ဂျာမဏီရှိ ပြဿနာများအတွက် နာဇီများက ဂျူးများကို ဓားစာခံအဖြစ် ပြုလုပ်ခဲ့ကြသည်။ ထိုပြဿနာများအတွက် အပြစ်တင်ရမည့်သူများမှာ နာဇီအစိုးရမဟုတ်ဘဲ ဂျူးလူမျိုးများသာ ဖြစ်သည်ဟု ပြည်သူများယုံကြည်လာစေရန် နာဇီများက အခြေအမြစ်မရှိသောအကြောင်းအရာများကို မီးမောင်းထိုးပြခဲ့ကြသည်။

မြန်မာပြည်သူများလည်း ဆင်းရဲမွဲတေမှု၊ အကျင့်ပျက်ချစားမှုနှင့် စီးပွားရေး စီမံခန့်ခွဲခြင်းညံ့ဖျင်းမှုတို့ကို ခံစားနေကြရသည်။ အလုပ်လက်မဲ့ဖြစ်မှု၊ ဆင်းရဲမွဲတေမှု၊ လျှပ်စစ်ဓါတ်အားပြတ်တောက်မှု၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးညံ့ဖျင်းမှုတို့ကဲ့သို့သော ပြဿနာများမှ ပြည်သူများကို လမ်းကြောင်းလွှဲရန် အလိုမရှိသောလူနည်းစုများနှင့် ပတ်သက်သည့် အမုန်းတရားများကို မြန်မာအစိုးရကရည်ရွယ်ချက်ရှိရှိ ဖြန့်ဖြူးမီးထိုးပေးနေသည်လား? ထိုလှည့်ကွက်မှာ ဒုတိယကမ္ဘာစစ်ကတည်းက အစိုးရအများအပြားက အသုံးပြုရန်ကြိုးစားခဲ့သည့် လှည့်ကွက်တစ်ခုဖြစ်သည်။ အကယ်၍ မြန်မာပြည်သူများက ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေးကြေငြာစာတမ်းကို လေးစားလိုက်နာမည်ဆိုပါက ထိုကဲ့သို့ လှည့်ကွက်အတွင်းသို့ သက်ဆင်းရမည်မဟုတ်ပေ။

Burma Campaign UK မှ Director Mark Farmaner ၏ Human rights are called universal for a reason ဆောင်းပါးကို လေးမောင် (M-Media) က ဘာသာပြန်သည်။

ဘားမားကမ်ပိန်း(ယူကေ)မှ ပုံနှိပ်ထုတ်ဝေပါသည်။

**28 Charles Square, London N1 6HT, UK**

**www.burmacampaign.org.uk info@burmacampaign.org.uk tel: 020 7324 4710**

မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး၊ ဒီမိုကရေစီ နှင့် တိုးတက်မြင့်မားရေးအတွက် ရည်ရွယ်လှုပ်ရှားပါသည်။